ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ထုတ်ပြန်ကြေညာချက် (၃ /၂၀၂၂ )
၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၄) ရက်
၂၀၂၂ ခုနှစ်၊ မေလ (၁၈) ရက်

# စစ်ကောင်စီလက်အောက်ခံ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းတို့မှ ဦးစီးကျင်းပသည့် ရတနာပြပွဲများနှင့်ပတ်သက်သည့် ထုတ်ပြန်ကြေညာချက်

၁။ စစ်ကောင်စီလက်အောက်ခံ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းတို့မှ ဦးစီးကျင်းပသည့် ရတနာပြပွဲများတွင် နိုင်ငံပိုင်ကျောက်မျက်ရတနာ၊ လက်ဝတ်ရတနာနှင့် ပုလဲအတွဲများကို တင်ပြရောင်းချခြင်းတွင် အဓိကတာဝန်ရှိသည့် စစ်ကောင်စီလက်အောက်ခံဝန်ထမ်းများကို နိုင်ငံတော်ပိုင်ပစ္စည်း အလွဲသုံးစားပြုမှုဖြင့် အရေးယူခြင်း၊ ဝယ်ယူခဲ့သူများကို ဝယ်ယူခဲ့စဉ်က ပေးချေခဲ့သည့်တန်ဖိုး ၂ ဆအား နိုင်ငံတော်သို့ ပြန်လည်ပေးလျော်စေပြီး ခိုးရာပါပစ္စည်းလက်ခံမှုဖြင့် အမှုဖွင့် အရေးယူသွားမည် ဖြစ်သည်။

၂။ ရတနာပြပွဲများတွင် ကျောက်မျက်ရတနာ၊ လက်ဝတ်ရတနာနှင့် ပုလဲအတွဲများကို တင်ပြရောင်းချခြင်းနှင့် ဝယ်ယူခြင်းများဆောင်ရွက်ခဲ့သည့် ပုဂ္ဂလိကကုမ္ပဏီများနှင့် အရောင်းဆိုင်များကိုလည်း မှတ်တမ်းထားရှိပြီး အမည်ပျက်စာရင်းရေးသွင်းခြင်းနှင့် လုပ်ငန်းလုပ်ကိုင်ခွင့် ပိတ်သိမ်းခြင်းများစသည်တို့ဖြင့် အရေးယူဆောင်ရွက်သွားမည် ဖြစ်သည်။

၃။ နိုင်ငံတော်နှင့်အကျိုးတူ ကျောက်မျက်ရတနာနှင့် ပုလဲအတွဲများ တင်ပြရောင်းချခြင်းတွင် အဓိကတာဝန်ရှိသည့် စစ်ကောင်စီလက်အောက်ခံ လုပ်ငန်းဌာနများမှ ဝန်ထမ်းများကို ထိုက်သင့်သည့် ပြစ်မှု၊ ပြစ်ဒဏ်များဖြင့် အရေးယူခြင်းကိုသာမက တင်ပြရောင်းချခြင်းနှင့် ဝယ်ယူခြင်းများဆောင်ရွက်ခဲ့သည့် ကုမ္ပဏီများနှင့်လုပ်ငန်းရှင်များကိုလည်း အမည်ပျက်စာရင်းရေးသွင်းခြင်းနှင့် လုပ်ငန်းလုပ်ကိုင်ခွင့် ပိတ်သိမ်းခြင်းများကိုပါ အရေးယူဆောင်ရွက်သွားမည် ဖြစ်သည်။

၄။ အထက်ဖော်ပြပါ အရေးယူဆောင်ရွက်မှုများသည် စစ်ကောင်စီလက်ထက်တွင် ပြုလုပ်ကျင်းပသည့် ရတနာပြပွဲများ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းတို့မှ ကျင်းပသည့် ရုံးတွင်း သီးသန့် တင်ဒါ/ ဈေးပြိုင်ရောင်းချခြင်းများ အားလုံးနှင့် သက်ဆိုင်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ